# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

September 28 , 2022 — Volume 58, Number 20


| ၂၈.၉.၂၀၂၂ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၂၃ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၁၃၀ ကျပ် |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၀၃.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၄၉.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၂၃၈.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၃၆.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၆၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၂၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၃၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၃.၆၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၄.၆၅၂ ကျပ် |

Source: CBM Rate, etrademyanmar.com

## မကွေးတိုင်းဒေသကြီးအတွင်း ငရုတ်သီးခြောက်ဈေးများ ကျဆင်းလာ

မကွေးတိုင်းဒေသကြီးအတွင်း ငရုတ်သီးကို မင်းဘူးခရိုင်အတွင်းတွင် အများဆုံး စိုက်ပျိုးကြရာ အထွက်နှုန်းလျော့ကျသည့်အတွက် ငရုတ်သီးခြောက်အထွက်နှုန်း နည်းနေတယ်လို့ သိရပါတယ်။ သွင်းအားစုများ ဈေးမြင့်နေ၍ ငရုတ်စိုက်တောင်သူများအားလုံး မစိုက်နိုင်တော့ခြင်း၊ ရာသီဥတုမမှန်၍အရည်အသွေးနိမ့်ကျခြင်းတို့ကြောင့် အထွက်နှုန်းကျဆင်းနေပေမယ့် ငရုတ်သီးဟာ စားဖိုဆောင်သုံးသီးနှံ ဖြစ်ကာ မရှိမဖြစ်လိုအပ်နေတဲ့အတွက် အရောင်းအဝယ်ဖြစ်မှုကတော့ ပုံမှန်ဖြစ်နေတာပဲဖြစ်ပါတယ်။

ငရုတ်သီးဈေးနှုန်းများကတော့ ယခင်တစ်ပတ်ထဲတွင် (၂၂၀၀၀)ကျပ်ဈေးအထိ အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ယခုတစ်ပတ်မှာတော့ (၁၈၀၀၀)ဈေးအထိ ကျဆင်းလာကာ အရောင်းအဝယ်ဖြစ်နေတာကိုတွေ့ရပါတယ်။ မရှိမဖြစ် စားဖိုဆောင်သုံးသီးနှံဖြစ်တဲ့အတွက် အိမ်ရှင်မများအနေဖြင့် ဈေးသက်သာစွာ ဝယ်ယူသုံးစွဲနိုင်ပြီဖြစ်တဲ့အတွက် စားသုံးသူပြည်သူများအနေဖြင့် အဆင်ပြေနေတာကို တွေ့ရပါတယ်။

**Source: ဖန်ခါးမြေကုန်သွယ်မှုဇုဟိုဌာန**

## မကွေးတိုင်းဒေသကြီးတွင် စားသုံးဆီဈေးများလည်း တဖြည်းဖြည်းကျဆင်းလာ

မကွေးတိုင်းဒေသကြီးတွင် ဆီထွက်သီးနှံဖြစ်တဲ့ မြေပဲနှင့်နှမ်းသီးနှံများကို အများဆုံးစိုက်ပျိုးကြတဲ့အတွက် ဆီထွက်သီးနှံ အများဆုံးထွက်ရှိရာ တိုင်းဒေသကြီးတစ်ခုလည်းဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီးကို ဆီအိုးကြီးဟုပင် တင်စားခေါ်လောက်တဲ့အထိ စားသုံးဆီများ ကြိတ်ခွဲထွက်ရှိရာ အဓိကနေရာလည်း ဖြစ်ပါတယ်။ ဆီကြိတ်နှမ်းများကတော့ ပြည်ပဝယ်လိုအား ရှိသည်ဖြစ်စေ မရှိသည် ဖြစ်စေ ပြည်တွင်းစားသုံးမှု ပုံမှန်ရှိနေတဲ့အတွက် အရောင်းအဝယ်ဖြစ်မှုကတော့ ပုံမှန်ပဲဖြစ်ပါတယ်။ ယခင်ရက်ပိုင်းတွင် ပြည်ပဝယ်လိုအားရှိတဲ့ မြေပဲဆန်ကတော့ ဈေးမြင့်တက်နေပြီး ယခုရက်ပိုင်းမှာတော့ မြေပဲဆန်အသစ်များလည်း လှိုင်လှိုင်ပေါ်ထွက်လာပြီဖြစ်ရာ ဆီဈေးနှုန်းအနေဖြင့် တဖြည်းဖြည်းကျဆင်းလာတာကို တွေ့ရပါသည်။

စားသုံးဆီဈေးနှုန်းများကတော့ မြေပဲဆီမှာ သိသိသာသာကျဆင်းလာကာ နှမ်းဆီကတော့ အနည်းငယ်ကျဆင်းလာပြီး မကွေးကုန်စည်ဒိုင်၏ (၈.၉.၂၀၂၂)ရက်နေ့ ဈေးနှုန်းအရ မြေပဲဆီ(၁) ပိဿာလျှင် (၁၃၅၀၀)ကျပ်ဈေးရှိရာမှ (၂၇.၉.၂၀၂၂)ရက်နေ့ မြေပဲဆီ(၁)ပိဿာလျှင် (၁၁၅၀၀) ကျပ်အထိ ဈေးကျဆင်းလာကာ နှမ်းဆီ (၁)ပိဿာလျှင် (၈.၉.၂၀၂၂)ရက်နေ့တွင် (၁၁၅၀၀)ကျပ်ဈေးရှိရာမှ ယခုတစ်ပတ်တွင် (၁)ပိဿာ


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

လျှင် (၁၁၃၀၀)ကျပ်အထိသာ အနည်းငယ်ကျဆင်းလာကြောင်း သိရှိရပါသည်။

**Source: ဖန်ခါးမြေကုန်သွယ်မှုဇုဟိုဌာန**

## ဈေးကွက်အေးတဲ့ရာသီဖြစ်ပေမယ့် သကြားဈေး အရင်ထက်နှစ်ဆကျော် ဈေးကောင်းနေ




နှစ်စဉ်မိုးတွင်းကာလဟာ သကြားဈေးကွက် အေးတဲ့ရာသီဖြစ်ပေမယ့် လက်ရှိပြည်တွင်း စားသုံးမှုနဲ့ ပြည်ပတင်ပို့မှု ပုံမှန်ရှိနေလို့ သကြားဈေးအနည်းငယ် မြင့်တက်နေတယ်လို့ မြန်မာနိုင်ငံသကြားနဲ့ကြံထွက် လုပ်ငန်းရှင်များအသင်းက သိရပါတယ်။ ပြီးခဲ့တဲ့နှစ်တွေက သကြားဈေးတစ်ပိဿာကို အများဆုံး ၉၀၀ ကျပ်ခန့်သာရပေမယ့် လက်ရှိသကြား တစ်ပိဿာကို ၂၃၅၀ ကျပ်အထိ ဈေးရတယ်လို့ သိရပါတယ်။ ပြည်တွင်းကြံကြိတ်ရာသီမှာ ဒီဇင်ဘာလလယ်ဖြစ်ပြီး လက်ရှိပြည်တွင်း သကြားလက်ကျန်နည်းပါးသလို ပြည်ပကို ပုံမှန်တင်ပို့မှု ရှိနေလို့ သကြားဈေးတက်နေတာဖြစ်ကြောင်း သိရပါတယ်။

မြန်မာနိုင်ငံအနေနဲ့ သကြားကို ဗီယက်နမ်တစ်နိုင်ငံတည်းကိုသာ တင်ပို့နေတာဖြစ်ပြီး လက်ရှိအချိန်အထိ တန်ချိန်တစ်သိန်းကျော် တင်ပို့ထားပြီးဖြစ်တယ်လို့သိရပါတယ်။ မြန်မာနိုင်ငံမှာ တစ်နှစ်ကို ပျမ်းမျှသကြားတန်ချိန် လေးသိန်းခန့် ထွက်ရှိပြီး လက်ရှိ ပြည်တွင်းသကြားလက်ကျန် အိတ်ရေ ခုနှစ်သိန်းခန့် ကျန်ရှိနိုင်တယ်လို့သိရပါတယ်။ ကိုဗစ်ကြောင့် ပြီးခဲ့တဲ့နှစ်တွေက ကြံစိုက်တောင်သူတွေ အရှုံးပေါ်ခဲ့ပြီး စိုက်ဧကလျှော့ခဲ့ကာ လက်ရှိဈေးကောင်းပြန်ရလာလို့ တိုးချဲ့စိုက်ပျိုးမှုတွေ လုပ်ဆောင်လာတယ်လို့ သိရပါတယ်။

အခုနှစ်ကြံရာသီမှာ ကြံဝယ်ဈေး တစ်တန် ကျပ် ၈၀၀၀၀ ပေးဝယ်မယ်လို့ ပြောဆိုထားခဲ့ပေမယ့် ကျပ် ၉၀၀၀၀ အထိ စက်ရုံအရောက်ဈေး ပေးဝယ်တာတွေရှိကာ လာမယ့်ရာသီသကြားဈေးကွက် ကောင်းနိုင်တယ်လို့ သိရပါတယ်။

ဤဆောင်းပါးကို Myanma Platform မှကူးယူဖော်ပြပါသည်။

Source: https://t.me/htwettoe

## ဆိပ်ဖြူကုန်စည်ဒိုင်တွင် တစ်ပတ်အတွင်း ကြက်သွန်နီဈေးကျ

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူကုန်စည်ဒိုင်တွင် ကြက်သွန်နီများ အရောင်းအဝယ်ဖြစ်လျှက်ရှိရာ တစ်ပတ်အတွင်း ကာလတူ (၂၁.၉.၂၀၂၂)ရက်နေ့နှင့် နှိုင်းယှဉ်ပါက ဝယ်လိုအားကြောင့် ကြက်သွန်နီဈေးများကျဆင်းကာ အရောင်းအဝယ် ဖြစ်လျှက်ရှိပါသည်။ ကြက်သွန်နီ (၁)ပိဿာလျှင် ယခင်တစ်ပတ်(၂၁.၉.၂၀၂၂)ရက်နေ့တွင် (၂၉၅၀၀)ကျပ်ဈေး၊ ယနေ့ (၂၈.၉.၂၀၂၂)ရက်နေ့တွင် (၂၅၇၅)ကျပ်ဈေးဖြစ်သည့်အတွက် (၃၇၅)ကျပ်ဈေးကျကာ အရောင်းအဝယ်ဖြစ်လျှက်ရှိကြောင်း သိရှိရပါသည်။ ကြက်သွန်နီများ ရန်ကုန်မှ ဝယ်လိုအားကျဆင်းလာသလို ဆိပ်ဖြူကုန်စည်ဒိုင်တွင်လည်း ကြက်သွန်နီများ ဝင်ရောက်အရောင်းအဝယ်ဖြစ်မှုမှာ တစ်ပတ်အတွင်း (၆၉၅၀၀)ပိဿာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရှိရပါသည်။

**Source: ဖန်ခါးမြေကုန်သွယ်မှုဇုဟိုဌာန**

## သီလဝါဆိပ်ကမ်းသို့ ဓာတ်ဆီနှင့်ဒီဇယ် စုစုပေါင်းဂါလန်ခြောက်သန်းကျော်ကို ဆီချလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းထုတ်ပြန်

စက်တင်ဘာ ၂၅ ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီး သီလဝါဆိပ်ကမ်းသို့ ဓာတ်ဆီနှင့်ဒီဇယ် စုစုပေါင်းဂါလံ ခြောက်သန်းကျော်ကို ဆီချလုပ်ငန်းများ ဆောင်ရွက်လျှက်ရှိကြောင်း စက်သုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေး ကော်မတီက ထုတ်ပြန်ထားသည်။

စက်သုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စက်သုံးဆီ အမျိုးအစားအလိုက် ဖူလုံမှုရှိစေရေး စိစစ်တင်သွင်းဆောင်ရွက်လျှက်ရှိရာ စက်တင်ဘာ ၂၅ ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီး သီလဝါဆိပ်ကမ်းရှိ Terminal များတွင် MT Yu Yi သင်္ဘောသည် ရိုးရိုးဒီဇယ်ဂါလံ ၁ ဒသမ ၈၆ သန်းနှင့် ပရီမီယံဒီဇယ်ဂါလံ ၂ ဒသမ ၁၇ သန်း၊

စုစုပေါင်းဒီဇယ်ဂါလံ ၄ ဒသမ ၀၃ သန်းကို ဆီချလုပ်ငန်းများ ဆောင်ရွက်လျှက်ရှိသည်။

MT Harmony One သင်္ဘောသည် ဓာတ်ဆီ 92 Ron ဂါလံ ၂ ဒသမ ၁၃ သန်းကို ဆီချလုပ်ငန်းများ ဆောင်ရွက်လျှက်ရှိပြီး ဒီဇယ်နှင့်ဓာတ်ဆီ စုစုပေါင်းဂါလံ ၆ ဒသမ ၁၆ သန်းအထိ ဆီချလုပ်ငန်းများ လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် နေ့စဉ်စက်သုံးဆီရည်ညွှန်းဈေးနှုန်းများကို ထုတ်ပြန်ပေးလျှက်ရှိရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ငွေလဲနှုန်းကို ပုံသေထား၍ စင်ကာပူနိုင်ငံမှ နေ့စဉ်ထုတ်ပြန်သော MOPS ဈေးနှုန်း၊ Premium၊ အလျော့တွက်၊ အမြတ်ရာခိုင်နှုန်း၊ သယ်ယူစရိတ် (Transport Charges) တို့ကို အခြေခံကာ တွက်ချက်ထုတ်ပြန်ပေးခြင်းဖြစ်သည်။

လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချ ဖြန့်ဖြူးရေးအသင်းနှင့် ပူးပေါင်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ မြို့နယ်များအလိုက် စက်သုံးဆီလိုအပ်ချက်များအတွက် စက်သုံးဆီလက်ကျန်အပေါ်မူတည်၍ ခွဲဝေဖြန့်ဖြူးပေးလျှက်ရှိသည်။ သို့ရာတွင်အချို့သောမြို့နယ်များသို့ စက်သုံးဆီဖြန့်ဖြူးဆောင်ရွက်ရာတွင် စက်သုံးဆီတင်ဘောက်ဆာ (Bowser) များနှင့် ဆီတွဲရေယာဉ် (Barge) များကို လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များက တိုက်ခိုက်လုယက်မှုများ ပြုလုပ်လျှက်ရှိသဖြင့် သက်ဆိုင်ရာ စက်သုံးဆီအရောင်းဆိုင်များသို့ စက်သုံးဆီများ အချိန်မီမရောက်ရှိဘဲ နှောင့်နှေးလျှက်ရှိကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အချို့တိုင်းဒေသကြီး/ပြည်နယ်များ၏ စက်သုံးဆီလိုအပ်ချက်များ ပြည့်မီနိုင်ရန်အတွက် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်များဖြင့် နယ်စပ်ဒေသများမှ စက်သုံးဆီတင်သွင်းမှုများကိုလည်း ကြီးကြပ်စိစစ်ဆောင်ရွက်ပေးလျှက်ရှိသည်။

**Source:** https://news-eleven.com/article/237980

## တစ်လအကြာတွင် (၁၀) သိန်းကျပ်အထိ ရွှေဈေးပြန်ကျ



Source: Popular News Journal

ပြီးခဲ့သည့် ဩဂုတ်လ တတိယပတ်အတွင်းက ပြည်တွင်းရွှေဈေးကွက်တွင် တစ်ကျပ်သား (၃၇) သိန်းအထိ ဈေးတက်ခဲ့သည့် အခေါက်ရွှေဈေးနှုန်းသည် ယနေ့ စက်တင်ဘာလ(၂၇) ရက်တွင် တစ်ကျပ်သား(၂၇) သိန်းအထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ယခင်လအတွင်းက ပြည်တွင်း၌ ဒေါ်လာဈေးနှုန်းမတည်ငြိမ်မှုကို အကြောင်းပြကာ ဈေးကစားမှုများနှင့် ဈေးပြိုင်ပေးကာ ဈေးနှုန်းဆွဲတင်ကြသဖြင့် ရွှေဈေးအဆမတန်မြင့်တက်ခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် အဆိုပါရွှေဈေးနှုန်း မြင့်တက်မှုကို ထိန်းကြောင်းသည့်အနေဖြင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့တွင် ရွှေဒင်္ဂါးများထုတ်ရောင်းပေးနေပြီး (၁၆) ရက်နေ့အထိစာရင်းအရ အလေးချိန် ၄ ပိဿာကျော် ရောင်းချခဲ့ပြီးဖြစ်သည်ဟု သိရသည်။ ဒေါ်လာဈေးနှုန်းပါ တအိအိဖြင့် ပြန်လည်ကျဆင်းလာသည့်အတွက် ရွှေဈေးနှုန်းများမှာ ယနေ့တွင်(၁၀) သိန်းကျပ်အထိ ကျဆင်းခဲ့ခြင်းဖြစ်သည်။

ယနေ့ စက်တင်ဘာလ (၂၇) ရက် ရန်ကုန် ရွှေဈေးကွက်အတွင်း အရောင်းအဝယ် ပြုလုပ်သည့် ရွှေဈေးနှုန်းများမှာ ၁၆ ပဲရည် အခေါက်ရွှေ တစ်ကျပ်သားလျှင် (၂၇) သိန်းကျပ်ဖြင့် ရောင်းချလျှက်ရှိပြီး တစ်ကျပ်သား ဝယ်ဈေးမှာ (၂၆၇၀၀၀၀) ကျပ်ဖြစ်ကြောင်း ရန်ကုန်မြို့ရှိ ရွှေအရောင်းကောင်တာတစ်ခုမှ သိရသည်။ ၁၅ ပဲရည် ရွှေတစ်ကျပ်သားလျှင် (၂၅၄၁၂၀၀) ကျပ်ဖြင့် ရောင်းချပေးနေပြီး ဝယ်ဈေးမှာ (၂၅၀၀၀၀၀) ကျပ် ဝန်းကျင်ဖြစ်ကြောင်းသိရသည်။

ယနေ့ ရန်ကုန်တိုင်းရွှေအသင်း၏ ရည်ညွှန်းဈေးနှုန်းမှာ အခေါက်ရွှေ တစ်ကျပ်သားလျှင် (၁၉၂၈၀၀၀) ကျပ်ဖြစ်ပြီး ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ (၁၆၃၄) ဒေါ်လာဖြစ်ကြောင်း သိရသည်။

ယနေ့ ပြည်တွင်းနိုင်ငံခြားငွေ ငွေလဲဈေးကွက်တွင် အမေရိကန် တစ်ဒေါ်လာလျှင် (၃၁၃၀) ကျပ်ဖြင့် အရောင်းအဝယ်ပြုလုပ်နေကြောင်း သိရသည်။

မြန်မာနိုင်ငံ ဗဟိုဘဏ်မှ သတ်မှတ်ထားသည့် ရည်ညွှန်းငွေလဲနှုန်းမှာ တစ်ဒေါ်လာလျှင် (၂၁၀၀) ကျပ်ဖြစ်ပြီး အဆိုပါနှုန်းနှင့် ၃ ရာခိုင်နှုန်းသာ ကွာဟရောင်းဝယ်ကြရန် ညွှန်ကြားထားသော်လည်း လက်ရှိအချိန်ထိ (၁၀၀၀) ကျပ်ဝန်းကျင် ကွာဟနေဆဲဖြစ်သည်။

Source: Popular News Journal

## ပခုက္ကူကြက်သွန်နီဈေးကွက်အတွင်း ဈေးနှုန်းအနည်းငယ်ကျဆင်းလာပြီး တစ်ပိဿာလျှင် ကျပ် ၂၈၀၀ ပေါက်ဈေးရှိ

ပခုက္ကူကြက်သွန်နီဈေးကွက်အတွင်း ယခုစက်တင်ဘာလ နောက်ဆုံးပတ်တွင် ဈေးနှုန်းအနည်းငယ် ပြန်လည်ကျဆင်းလာပြီး တစ်ပိဿာလျှင် အမြင့်ဆုံးကျပ် ၂၈၀၀ ရှိကြောင်း ဈေးကွက်ပေါက်ဈေးနှုန်းအရ သိရသည်။

ပြီးခဲ့သည့် စက်တင်ဘာလ တတိယပတ်တွင် တစ်ပိဿာ အမြင့်ဆုံး ကျပ် ၃၂၀၀ ထိ ရောင်းဝယ်ခဲ့ပြီး ကုန်ဝင်ရောက်မှုနည်းပါးသော်လည်း ဝယ်လက်လျော့ကျသွားခြင်းကြောင့် ဈေးနှုန်းအနည်းငယ်ကျဆင်းလာခြင်းဖြစ်ကြောင်း သိရသည်။

ပခုက္ကူကြက်သွန်နီဈေးကွက်သို့ ပိဿာချိန် သုံးသောင်းနီးပါး ဝင်ရောက်သည့် စက်တင်ဘာလ ၂၆ ရက်နေ့ ဈေးကွက်တွင် ဥန်သေးတစ်ပိဿာ ကျပ် ၂၂၀၀ –၂၄၀၀ ၊ ဥန်လတ်တစ်ပိဿာ ကျပ် ၂၅၀၀ – ၂၆၀၀ ၊ ဥန်ကြီး တစ်ပိဿာ ကျပ် ၂၇၀၀ – ၂၈၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။ “ဒီရက်ပိုင်းကတော့ ကုန်ဝင်မမှန်ဘူး။ တချို့ရက် ပိဿာချိန် ထောင်ဂဏန်းပဲဝင်တယ်။ တချို့ရက်ကျ ပိဿာချိန် သောင်းဂဏန်းဝင်တယ်။ ကုန်ဝင်သလောက် သူ့ပေါက်ဈေးနဲ့သူ ဝယ်ကြပါတယ်။ အဝယ်နည်း မသွားဘူး။ ဈေးလည်း နည်းနည်းကျတယ်။ ဈေးနှုန်းက ဝင်လာတဲ့ကြက်သွန်အနေအထားပေါ်လည်း မူတည်တယ်။ ကြက်သွန်အရည်အသွေးလှရင်တော့ ဈေးရပါတယ်။ လက်ရှိပေါက်ဈေးလည်း နည်းတဲ့ထဲမပါသေးပါဘူး။ အမြင့်ဘက်မှာပဲရှိတယ်” ဟု ပခုက္ကူမြို့မှ ကြက်သွန်ရောင်းဝယ်ရေး လုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။

လက်ရှိတွင် ပခုက္ကူဈေးကွက်အတွင်း ယောချောင်းဒေသထွက် ကြက်သွန်များ အဓိကဝင်ရောက်နေပြီး ယခုနှစ်တွင် အထွက်နှုန်းလျော့ကျသည့်အတွက် ကုန်ဝင်ရောက်မှု ယခင်ထက်နည်းပါးကြောင်း သိရသည်။ လာမည့် မိုးကုန်ကာလတွင် ပခုက္ကူနှင့်ရေစကြိုမြို့နယ်အတွင်း မြစ်ရောင်ဒေသများ၌ ကြက်သွန်စိုက်ပျိုးရန် ပြင်ဆင်နေသော်လည်း အချို့ဒေသများတွင် နယ်မြေမတည်ငြိမ်မှုများ ကြုံတွေ့နေကြောင်းသိရသည်။

**Source:** https://news-eleven.com/article/237929

## ကူမင်းမြို့တွင် (၆) ကြိမ်မြောက် တရုတ်–တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၆) ကြိမ်မြောက် တရုတ် (ကူမင်း) ပို့ကုန်–သွင်းကုန်ပြပွဲ ကျင်းပမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့တွင် ၃၀–၁၀–၂၀၂၂ ရက်နေ့မှ ၇–၁၁–၂၀၂၂ ရက်နေ့အတွင်း Online, Offline နှစ်မျိုးစလုံးဖြင့်ကျင်းပမည့် (၆) ကြိမ်မြောက် တရုတ်–တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၆) ကြိမ်မြောက် တရုတ် (ကူမင်း) ပို့ကုန်–သွင်းကုန်ကုန်စည်ပြပွဲများကို တရုတ်နိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ယူနန်ပြည်နယ်နှင့် တောင်အာရှနိုင်ငံများ၏ ကုန်သွယ်ရေး၊ အာဏာပိုင်များက ပူးပေါင်းကျင်းပမည်ဖြစ်ပါကြောင်းသိရပါသည်။

အဆိုပါ ကုန်စည်ပြပွဲသည် Kunming Dianchi International Convention and Exhibition Center တွင် အဓိကပွဲကျင်းပမည့်နေရာဖြစ်သောကြောင့် ကုန်စည်ပြပွဲတွင် Green Energy Pavilion၊ Modern Plateau Agriculture Pavilion၊ Opening-up and Cooperation Pavilion၊ Biomedicine and General Health အပါအဝင် ၎င်း၏ စတုရန်းမီတာ ၁၃၀,၀၀၀ ရှိ ပြပွဲခန်းမအတွင်း မဏ္ဍပ် (၁၃) ခုပါဝင်မည်ဖြစ်ကြောင်း သိရပါသည်။

ယင်းတို့မှာ အစိမ်းရောင်စွမ်းအင်မဏ္ဍပ်၊ ဖွင့်လှစ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမဏ္ဍပ်၊ ဇီဝဆေးပညာနှင့် ဆေးပညာမဏ္ဍပ်၊ အဆင့်မြင့် လယ်ယာကုန်ထုတ်လုပ်ငန်းမဏ္ဍပ်၊ ဒစ်ဂျစ်တယ်စီးပွားရေးမဏ္ဍပ်နှင့် 3rd China (Yunnan) International Artificial Intelligence and Smart Life Application တို့အတွက် သီးခြားမဏ္ဍပ်များ၊ Tourism and Culture Pavilion၊

Electro-mechanics Pavilion၊ China (ကူမင်း) တောင်အာရှနှင့် အရှေ့တောင်အာရှ သွင်းကုန်ကုန်စည်ပြပွဲနှင့် ကုန်သွယ်မှု ဗဟိုဌာန၊ China Pavilions နှင့် International Pavilions များပါဝင်သော "ထာဝရတရုတ်-တောင်အာရှကုန်စည် ပြပွဲ" တို့ဖြစ်ပါကြောင်း သိရပါသည်။

အွန်လိုင်းပွဲကို www.csa-expo.com မှတစ်ဆင့် တပြိုင်နက်ကျင်းပမည်ဖြစ်သည့်အပြင် ၂၀၂၂ GMS စီးပွားရေးစင်္ကြန် အုပ်ချုပ်ရေးမှူးများဖိုရမ်၊ (၃) ကြိမ်မြောက် တရုတ်-တောင်အာရှ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၊ (၁၀) ကြိမ်မြောက် ယူနန်-တိုင်ပေ စီးပွားရေး၊ ကုန်သွယ်ရေးနှင့်ယဉ်ကျေးမှုညီလာခံအပါအဝင် ဖိုရမ်များနှင့်တိုက်ရိုက်ထုတ်လွှင့်မှုလှုပ်ရှားမှုများ၊ (၁၅) ကြိမ်မြောက် တရုတ်-တောင်အာရှ စီးပွားရေးဖိုရမ်နှင့် (၁၈) ကြိမ်မြောက် အာဆီယံ နိုင်ငံရပ်ခြား တရုတ်လုပ်ငန်းရှင်များ ညီလာခံကိုလည်း Online နှင့် Offline တွင် တစ်ပြိုင်နက်ကျင်းပမည်ဖြစ်ကြောင်း၊ အလုပ်အမှုဆောင်ကော်မတီ၏ သတ်မှတ်ချက်များနှင့် ပြည်ပမဏ္ဍပ်များ၏ သီးခြားအစီအစဉ်များနှင့်အညီ လူသစ်စုဆောင်းခြင်းနှင့် ပြပွဲများဖွဲ့စည်းခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် စတင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း သိရှိရပါသည်။

**Source: မြန်မာစီးပွားရေးသံမှူး၊ ကူမင်းမြို့**

## STOCK EXCHANGE (28.9.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 28th Sep. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,600 | +100 | +1.05% | 9,500 | 9,600 | 9,500 | 271 | 2,583,500 | 33,109,694 | 317,853 |
| MTSH | 00002 | 3,550 | -50 | -1.39% | 3,550 | 3,600 | 3,500 | 7,085 | 25,051,750 | 38,929,150 | 138,198 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 10 | 78,000 | 10,400,986 | 81,128 |
| FPB | 00004 | 20,500 | +500 | +2.50% | 20,500 | 20,500 | 20,500 | 5 | 102,500 | 2,472,053 | 50,677 |
| TMH | 00005 | 2,750 | -50 | -1.79% | 2,800 | 2,800 | 2,750 | 195 | 536,500 | 12,823,224 | 35,264 |
| EFR | 00006 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,700 | 205 | 558,750 | 19,977,223 | 54,937 |
| AMATA | 00007 | 5,300 | +0 | +0.00% | 5,500 | 5,500 | 5,300 | 1,302 | 6,902,400 | 10,497,598 | 55,637 |

### Market summary

As of 28th Sep. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 421.76 | +1.13 | +0.27% | 420.72 | 421.84 | 419.14 | 9,073 | 35,813,400 | 7 | 733,694 |

**Index chart**



# Market Overview

## Main Board

As of 1:00 pm, 28th Sep. 2022

| MYANPIX | 421.76 ▲ 1.13 |
|---|---|
| Total Volume (shares) | 9,073 |
| Total Value (MMK) | 36 mil |
| Listed Company | 7 |
| Market Cap. (MMK) | 733,694 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,600 | ▲ 100 |
| MTSH | 00002 | 3,550 | ▼ 50 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 20,500 | ▲ 500 |
| TMH | 00005 | 2,750 | ▼ 50 |
| EFR | 00006 | 2,750 | ▲ 0 |
| AMATA | 00007 | 5,300 | ▲ 0 |

TIR